**MAP Foundation for the Health and Knowledge of Ethnic Labour**
**มูลนิธิเพื่อสุขภาพและการเรียนรู้ของแรงงานกลุ่มชาติพันธุ์**

**No human being is illegal**

၁၂ ရက် ဇွန်လ ၂၀၁၅

# ရွှေ့ပြောင်းအလုပ်သမားများ သူတို့ရဲ့ဘာသာစကားဖြင့် သတင်းများရရှိနိုင်ရမည် – မက်ပ်ရေဒီယိုအသံပြန်လွှင့်နိုင်ဖို့ခွင့်ပြုပေးပါ

မက်ပ်ဖောင်ဒေးရှင်းသည် ချင်းမိုင်မြို့နှင့် တပ်ခ်ခရိုင်ရှိ မယ်ဆောက်မြို့တို့တွင် ရုံးဖွင့်ထားပြီး ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအတွက် အလုပ်လုပ်နေသောအဖွဲ့အစည်းဖြစ်ပြီး အဖွဲ့အစည်းကို ၁၉၉၆ ခုနှစ်တွင် ထူထောင်၍ ၂၀၀၂ ခုနှစ်တွင် "တိုင်းရင်းသားအလုပ်သမားကျန်းမာရေးနှင့်ပညာပေးအစီအစဉ်" ဟုအမည်တပ် တရားဝင် မှတ်ပုံတင်ထားသောအဖွဲ့အစည်း ဖြစ်ပါသည်။ မက်ပ်အဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်သည် မြန်မာပြည်မှ ရွှေ့ပြောင်းလာသော ရွှေ့ပြောင်းအလုပ်သမားများ ထိုင်း ဥပဒေအရ သူတို့ရဲ့ အခွင့်အရေးများ အပြည့်အဝရရှိရန်အတွက် စွမ်းရည်မြှင့်တင်ဖို့ဖြစ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများ သူတို့ရဲ့အခွင့်အရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်များတကယ်ရရှိရေးဟာ မက်ပ်အဖွဲ့ အစည်းရဲ့ အရေးကြီးတဲ့ရည်ရွယ်ချက်တစ်ခုဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ဗျူဟာတစ်ခုကတော့ မက်ပ်အဖွဲ့အစည်းသည် ချင်းမိုင်မြို့၌ (၁၁) နှစ်ကြာ ရှမ်းဘာသာနဲ့ အသံလွှင့်နေသော ရေဒီယိုအသံလွှင့်ဌာနတစ်ခု ပိုင်ဆိုင်ထားခြင်းပါပဲ အဲဒီအတွက် ကနေ့ည ကျနော်တို့ကျင်းပရခြင်းဖြစ်ပါတယ်။ ကျနော်တို့သည်နိုင်ငံရေးနဲ့တစ်စုံတစ်ရာပတ်သက်ခြင်းမရှိပါသော်လည်း ယခုလောလောဆယ် မှာတော့ မက်ပ်ရေဒီယို MAP Radio, M 99 MHz သည် ထိုင်းနိုင်ငံ၌ရှိသော အခြားသော လူထုရေဒီယိုအသံလွှင့်ဌာနများနဲ့အတူ လွန်ခဲ့တဲ့ နှစ်ကတည်းက စစ်တပ်အစိုးရမှ ပိတ်ထားခြင်းခံရပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် ကျနော်တို့ ရေဒီယိုမှ ထုတ်လွှင့်သည့် လတ်သလောထုတ်ပြန်တဲ့ပေါ်လစီနဲ့ နေ့စဉ်အတွက် အသုံးလိုသော သတင်းများအား မှီခိုနေသော ရွှေ့ပြောင်းအလုပ်သမားများ အတွက် အခက်အခဲတစ်ခုဖြစ်လာပါသည်။ သတင်းအချက်အလက်ရောက်ရှိဖို့ခက်ခဲသောနေရာများဖြစ်သည့် အိမ်ဖော် အလုပ် သမားနေရာ၊ ဆောက်လုပ်ရေးသမားနေရာ၊ အခြားသော အလုပ်လုပ်သူများနေရာတို့ ရေဒီယိုဖြင့် ဤသတင်းအချက်အလက်များ ရောက်ရှိအောင်ပြုလုပ်ပေးပါသည်၊ ဆက်လက်ပြီး သို့တို့အခွင့်အရေးအား သူတို့ကိုယ်တိုင် အကာအကွယ်ပြုတတ်လာအောင် ရေဒီယိုဖြင့် စွမ်ရည်မြှင့်တင်ပြီး သူတို့ရဲ့ ဘဝပျော်ရွှင်မှုလဲ တိုးတက်လာပါမည်။

မက်ပ်ရေဒီယိုသည် ထိုင်းအစိုးရထံ မှတ်ပုံတင်ဖို့လိုအပ်သော အဆင့်များအားလုံးကိုပြည့်ပြည့်စုံစုံရေးသားတင်ပြထားပြီး အသံပြန် လွှင့်နိုင်ဖို့ နောက်ဆုံးခွင့်ပြုချက်ကို စောင့်မျှော်နေပါသည်။ ရေဒီယိုအသံလွှင့်ဌာနရဲ့ (၁၁) နှစ် မြောက်နေ့၌ ကျနော်တို့ရဲ့အခြေအနေ အား လူထုမှ အာရုံစိုက်သိရှိနားလည်အောင် ကျနော်တို့လုပ်ခြင်းဖြစ်ပါတယ်၊ ဆက်လက်ပြီး မက်ပ်ရေဒီယို အမြန်ဆုံးပြန်လည် အသံလွှင့်နိုင်ဖို့ ခွင့်ပြုချက်ပေးပါရန် ထိုင်းအစိုးရထံတောင်းဆိုလိုက်ပါသည်။

မက်ပ်ဖောင်ဒေးရှင်း

63/30 Umong Soi 4 Moo 8
A.Moung Chiangmai
50200 THAILAND
**Tel/Fax:** 66 53 811 202
**Email:** map@mapfoundationcm.org

63/30 ซอยวัดอุโมงค์ 4 หมู่ 8
อ.เมือง จ.เชียงใหม่
50200
**โทร/แฟกซ์:** 053 811 202
**Email:** map@mapfoundationcm.org

P.O. Box 7 Chiangmai University
A.moung Chiangmai
50200 THAILAND
**Tel/Fax:** 66 53 811 202
**Email:** map@mapfoundationcm.org

ตู้ ปณ. 7 มหาวิทยาลัยเชียงใหม่
อ.เมือง จ.เชียงใหม่ 50200
**โทร/แฟกซ์:** 053 811 202
**Email:**
map@mapfoundationcm.org